CRPH

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org


ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်

## ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တစ်နှစ်ပြည့်အထိမ်းအမှတ် သဘောထားထုတ်ပြန်ချက်

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ နှင့်အညီ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပပေးနိုင်ခဲ့ပြီး ဒီမိုကရေစီလိုလားသည့် ပြည်သူလူထုမှ COVID-19 ကူးစက်ရောဂါ ကပ်ဘေးကြားမှပင် ရဲရဲဝံ့ဝံ့ တက်ကြွစွာ ဆန္ဒမဲပေးခဲ့ကြသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၁၁၇၁ နေရာရှိသည့်အနက် ၁၁၁၇ နေရာအတွက် ကျင်းပပေးနိုင်ခဲ့ပြီး နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်း ၅၆၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ၏ ၇၁ ရာခိုင်နှုန်းကျော်က ဆန္ဒမဲပေးခဲ့ပြီး ပြည်တွင်းပြည်ပ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး အဖွဲ့များက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။

၃။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီသည် ပြည်သူလူထု၏ တခဲနက်ဆန္ဒမဲပေးရွေးချယ်ခဲ့သော ရွေးကောက်ပွဲရလဒ်ကို ဆန့်ကျင်လျက် မဲမသမာမှုရှိသည်ဟု မမှန်မကန်စွပ်စွဲ၍ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဖြေရှင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်ကို လျစ်လျူရှုလျက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြီး နိုင်ငံတော်၏ အာဏာကို ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရထံမှ အတင်းအဓမ္မ သိမ်းယူခဲ့သည်။

၄။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲရလဒ်အား အကြမ်းဖက်စစ်ကောင်စီက ဖျက်သိမ်းကြောင်း ကြေညာခဲ့ခြင်းသည် ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် မျှော်လင့်ချက်ကို လက်နက်အားကိုးဖြင့် ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး ပြည်သူလူထုက အကြမ်းမဖက် အာဏာဖီဆန်မှုအပါအဝင် နည်းလမ်းမျိုးစုံဖြင့် မိမိတို့၏ နိုင်ငံသား အခွင့်အရေးမဆုံးရှုံးစေရန် ဆန့်ကျင်တော်လှန်ခဲ့သည်။

၅။ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့သည့် ပြည်သူလူထုအား အကြမ်းဖက်စစ်ကောင်စီတပ်များက အင်အားသုံး အကြမ်းဖက်ဖြိုခွင်းခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ ပြည်သူ့အိုးအိမ်စည်းစိမ်များအား ဖျက်ဆီးခြင်း၊ မတရားသိမ်းဆည်းလုယူခြင်း စသည့် အကြမ်းဖက်နည်းလမ်းများဖြင့် ဖိနှိပ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရေး အခင်းအကျင်းသည် တော်လှန်ရေးအသွင် ပြောင်းလဲလာခဲ့သည်။

၆။ ပြည်သူလူထုက အပ်နှင်းထားသည့် အခွင့်အာဏာကို ကျင့်သုံးလျက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံလျက် ဥပဒေပြုကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ နိုင်ငံတကာလွှတ်တော်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးထူထောင်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခြင်း၊ အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီကရေးဆွဲသည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုထုတ်ပြန်၍ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

၇။ မြန်မာနိုင်ငံ၌ ဒီမိုကရေစီပြန်လည်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ပါဝင်သည့် မျိုးဆက်သစ်လူငယ်များ၊ အကြမ်းမဖက်အာဏာဖီဆန်မှု (CDM) လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများနှင့် ပြည်သူများ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ သပိတ် အင်အားစုများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထု၏ ဘဝလုံခြုံရေးကို အကာအကွယ်ပေးသည့် အင်အားစုများနှင့် ခက်ခဲကြမ်းတမ်းသည့် ယခုကဲ့သို့ အချိန်ကာလတွင် မိမိတို့နှင့်အတူ ရပ်တည် ကူညီပေးကြသော နိုင်ငံတကာအသိုက်အဝန်းမှ အစိုးရများ၊ လွှတ်တော်များ၊ အဖွဲ့အစည်းများကို တန်ဖိုးထားလေးစားစွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၈။ မြန်မာနိုင်ငံ၌ စစ်အာဏာရှင် အမြစ်ပြတ်ချုပ်ငြိမ်းရေးနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ထောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသော အင်အားစုအားလုံးနှင့် လက်တွဲပြီး နိုင်ငံတော်၏ အာဏာကို မူလပိုင်ရှင်ဖြစ်သည့် ပြည်သူလူထုထံ ပြန်လည်ရောက်ရှိရေးကို မဖိတ်မသုံဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ကျရောက်သော ရွေးကောက်ပွဲတစ်နှစ်ပြည့်မြောက်သည့်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH) အနေဖြင့် သဘောထားထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ